**အဆူးစည်း(န)/အဆူးဇည်း/**ဆူးခက်များဖြင့် ပြုလုပ်ထားသော ခြံစည်းရိုး။

**အဆူးတပ်(န)/အဆူးဒတ်/**ချွန်ထက်သော ဆူးများဖြင့် လုပ်ထားသောခံတပ်။

**အဆဲအဆို(ကြိ)/အဆဲအဆို/**ကြမ်းတမ်း ယုတ်မာစွာသော စကားတို့ဖြင့် ထိပါးပုတ်ခတ် ပြောဆိုသည်။

**အဆည်အတား(ကြိ)/အဆည်အတား/**ချုပ်ထိန်းသည်။ထ္တန်းသိက္ခာစသည် ကိုတည်ငြိမ်စေသည်။

**အဆည်အတားမရ(ကြိဝိ)/အဆည်အတားမရ/**လေးဖင့် စောင့်ဆိုင်းခြင်းမယှိပဲ။ သွက်လက်လျင်မြန်စွာ။ ချက်ချင်း။ "**အဆည်အတား** ပင်မရ ကာ ဂုဏေ ဂုပင်ဗျာယ်လား။ တောင်းကောင်းပြင်းရေကာ ဂုပင်ဂုဏေ လားဖို့ဗျာလား" (အရပ်)။

**အဆော်[၁](န)/အဆော်/**နန်းတော် စသည်တို့တွင် အချိန် နာရီစေ့လျှင် တီးခတ်သူ။

**အဆော်[၂](န)/အဆော်/**နှိုးဆော်တိုက်တွန်းသူ။ လှုံ့ဆော်သူ။

**အဆော်အအော်(ကြိ)/အဆော်အအော်/**နှိုးဆော်သည်။ လှုံ့ဆော် တိုက်တွန်းသည်။

**အဆက်(န)/အဆက်/**၁။ တစ်ခုနှင့်တစ်ခု ပူးကပ်ထိစပ်နေသော အရာ။ ၂။ အဆက်အသွယ်။ ၃။ အမျိုးအနွယ်။

**အဆက်ကြောင်း(န)/အဆက်ကြောင်း/**၁။ အရာနှစ်ခုကို ဆက်စပ်ထားရာ အကြောင်းအတန်း။ ၂။ စပ်တွယ်ပူးယှဉ်ရာ နေရာ။

**အဆက်ဆက်(န)/အဆက်ဆက်/**(နှ-အစဉ်အဆက်---ရှု)

**အဆက်ပါ(ကြိ)/အဆက်ပါ/**အကျိုးတစ်စုံတရာဖြစ်စေနိုင်သည့် ရှေးဘဝက အခြေခံအကြောင်းဆက်ပါသည်။ တစ်ဦးနှင့်တစ်ဦး အကြောင်းပါသည်။ "စီစစ်ရှာကြံ၊ မိနှင့်ဖကို၊ မရဟန်ကြောင့်၊ ငါ့ကံအလိုက်၊ **အဆက်လည်းပါ၊** တွက်ကာစာသော်၊ ငါနှင့်ထိုက်လို့၊ မပစ်သာချေ"။(ပန်း)

**အဆက်ပြတ်(ကြိ)/အဆက်ပြတ်/**အဆက်အစပ်မယှိဖြစ်သည်။ အဆက်အသွယ် ကင်းကွာသည်။

**အဆက်ပြုတ်(ကြိ)/အဆက်ပြုတ်/**၁။ တစ်ခုနှင့်တစ်ခု အတွဲအဆက် ကွာလွတ်သည်။ ၂။အဆက်အသွယ်ကင်းမဲ့သည်။

**အဆက်ဖြတ်(ကြိ)/အဆက်ဖြတ်/**ဆက်စပ်မှု၊ ဆက်သွယ်မှု ပြတ်လပ်သည်။ ဝေးလံအောင်ပြုသည်။

**အဆက်မတော်(ကြိဝိ)/အဆက်မတော်/**၁။ မည်သို့မျှ ဆက်စပ်ခြင်း မယှိပဲ။ ၂။ ဆွေစဉ် မျိုးဆက် မဟုတ်တော့ပဲ။

**အဆက်မပါ(ကြိ)/အဆက်မပါ/**၁။ အကျိုးတစ်စုံတရာ ဖြစ်စေနိုင်သည့် ရှေးဘဝက အခြေခံအကြောင်းဆက် မပါယှိဖြစ်သည်။ ၂။ အကြင်လင်မယားအဖြစ် ပေါင်းဖက်ရန် အကြောင်းဆက်မပါယှိ ဖြစ်သည်။

**အဆက်မပြတ်(ကြိဝိ)/အဆက်မပြတ်/**အမြဲမပြတ်။ ဆက်ကာဆက်ကာ၊ ပြတ်လပ်ခြင်းမယှိပဲ၊ "နောင်လျှင်ဘဝ၊ **အဆက်မပြတ်၊** စက်ရဟတ်မှာ၊ မစပ်ရအောင်"။ (ပန်း)

**အဆက်မပြုတ်(ကြိဝိ)/အဆက်မပြုတ်/**၁။ ရှေ့နောက် စဉ်၍ဖြစ်စေ၊ ဘေးချင်းကပ်၍ဖြစ်စေ၊ အရှည် အလျားသွယ်တန်းလျက်။ တစ်ခုပြီးတစ်ခုစီ တန်းလျက်။ ၂။ ဆက်ကာဆက်ကာ။

**အဆက်သား(န)/အဆက်သား/**တစ်ဦးနှင့်တစ်ဦး အကြောင်းအကျိုး ဆက်သွယ်ပေးသူ။ ဆက်သွယ်ပေးသော အရာ။

**အဆက်အစပ်(န)/အဆက်အစပ်/**တစ်ဦးနှင့် တစ်ဦး အကျိုးအကြောင်းဆက်စပ်မှု။

**အဆက်အဆံ(ကြိ)/အဆက်အဆန်/** ၁။ အပေါင်းအသင်းပြုသည်။ ၂။ စပ်ယှက်သည်။



**အဆက်အနွယ်(န)/အဆက်အနွယ်/**နွယ်စဉ်ပြန့်ပွားလာသော ဆွေမျိုးအစဉ်။

**အဆက်အသွယ်(န)/အဆက်အသွယ်/**၁။ တစ်ဦးနှင့် တစ်ဦး၊ တစ်နေရာနှင့် တစ်နေရာ စသည်ဆက်စပ်မှု။ ၂။ တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံမှု။ အပြန်အလှန်ဆက်သွယ်မှု။

**အဆင်(န)/အဆင်/**၁။ အဝတ်အထည်စသည်တွင် ပုံပန်းသဏ္ဌာန်ဖော်ထားသော အကွက်စသည်။ ၂။ သွင်ပြင်လက္ခဏာ။

**အဆင်တပ်(ကြိ)/အဆင်တပ်/**ဆင်သမျှ အဆင်နှင့် လိုက်ဖက်သည်။

**အဆင်တန်ဆာ(န)/အဆန်တန်းဆာ/**လှပတင့်တယ်စေရန်ဝတ်ဆင်ရသော အဝတ်အစားစသည်။

**အဆင်ပလင်(န)/အဆင်ဗလင်/**တန်ဆာဆင်မှု။ မွမ်းမံခြယ်လှယ်မှု။

**အဆင်ပြေ(ကြိ)/အဆင်ပြေ/**အခက်အခဲမယှိ လွယ်ကူချောမောသည်။

**အဆင်သင့်(ကြိဝိ)/အဆင်သင့်/**တစ်စုံတစ်ခု ပြုလုပ်ဆောင်ရွက်ရန် အသင့်ယှိပြီးဖြစ်လျက်။

**အဆင်အခြင်(ကြိ)/အဆင်အခြင်/**၁။ အရာတိုင်းမှာ နှလုံးသွင်း သတိပြုရသည်။ ၂။ စဉ်းစားရသည်။

**အဆင်အပြ(န)/အဆင်အပြ/**(နှ-အဆင်ပလင်-ရှု)

**အဆင်အယင်(ကြိ)/အဆင်အယင်/**၁။ စီစဉ်ခင်းကျင်းသည်။ ၂။ တင့်တယ်လှပအောင် စီစဉ်ပြုပြင်သည်။

**အဆင့်(န)/အဆင့်/**၁။တစ်ခုအပေါ်တစ်ခုဆင့်၍တည်နေသောအရာ။ ၂။ ပညာအရည် အချင်း၊ ဂုဏ်ရည်စသည့် အနိမ့်အမြင့် အနေအထား။

**အဆင့်ဆင့်(ကြိဝိ)/အဆင့်ဆင့်/**၁။ တစ်ခုပေါ်တစ်ခုထပ်ဆင့်တင်လျက်။ ၂။ တစ်ယောက်ပြီးတစ်ယောက် တစ်ခုပြီးတစ်ခု စသည်ဖြင့် မပြတ် မလတ်တစ်ဆက်တည်းအားဖြင့်။ ၃။ ပညာ၊ ဂုဏ်ရည် စွမ်းအားသတ္တိစသည် အဆင့်အတန်း အားဖြင့်။

**အဆင့်တိုး(ကြိ)/အဆင့်တိုး/**၁။ ရာထူးဌာနန္တရ တိုးမြင့်သည်။ ၂။ပညာဂုဏ်ရည် မြင့်မားသည်။

**အဆင့်အတန်း(န)/အဆင့်အတန်း/**ပညာဂုဏ်ရည်စသည် အနိမ့်အမြင့် အနေအထား။

**အဆင်း[၁](န)/အဆင်း/**၁။ အဖြူ အနီ၊ အကြောင်စသော အရောင်။ ၂။ သွင်ပြင်လက္ခဏာ။

**အဆင်း[၂](န)/အဆင်း/**အမြင့်မှ အနိမ့်သို့ သက်လျှောကျခြင်း။

**အဆင်းကဲရောက်(ကြိ)/အဆင်းကဲရောက်/**ဒုက္ခရောက်နေသူအား ပို၍ဒုက္ခရောက်စေရန် ပြုမူသည်။

**အဆင်းအရောင်(န)/အဆင်းအရောင်/**(နှ-အဆင်းအဝါ --- ရှု)

**အဆင်းရဲတွင်းနက်(ကြိ)/အဆင်းရဲတွင်းနက်/**ဘာမှ မယှိလောက်အောင်မွဲသည်။

**အဆင်းအဝါ(န)/အဆင်းအဝါ/(နှ-အဆင်း[၁] ၁၊ ၂ ရှု)**

**အဆင်းအသွီး(န)/အဆင်းအသွီး/**အဝတ်အထည်စသည်တွင် ဖော်ထားသော ပုံပန်းသဏ္ဌာန်နှင့် အရောင်အဆင်း။

**အဆင်းအင်္ဂါ(န)/အဆင်းအင်္ဂါ/**အသွင်အပြင် ပုံပန်းသဏ္ဌာန်။ ရုပ်လက္ခဏာ။

**အဆစ်[၁](န)/အဆစ်/**၁။ အကွက်အကွင်း။ ၂။ အချက်အချာ။ အချက်အလက်။ "နိုင်ငံရေး သမတိဇာလမ်းက လာရေလဲဆိုစွာ ကို **အဆစ်** ကို ကြည့်ကတ်ရဖို့နှင့်ရာ"။ (အရပ်)

**အဆစ်[၂](န)/အဆစ်/**၁။ ကြံပင်၊ ဝါးပင်၊ စပါးပင်စသည်တို့တွင်ယှိသော အရွက်ထွက်ရာနေရာ။ ၂။ လူ၊ တိရစ္ဆာန်တို့၏ ကိုယ်ခန္ဓာယှိအရိုးများ တစ်ခုနှင့်တစ်ခု ဆက်စပ်ရာ နေရာ။

**အဆစ်ပိုး(န)/အဆစ်ပိုး/**စပါးပင်စည်ကို ဖောက်ဝင်၍စားသော ပေါက်ဖတ်ကောင်။